သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေး လုပ်ငန်းသည် မြန်မာနိုင်ငံတွင် မရှိသေးသည့် ဖျက်ပိုးများ ဝင်ရောက်မလာစေရန် ဥပဒေအရ ကာကွယ် တားဆီးသည့် လုပ်ငန်းဖြစ်သည်။

အပင်ပိုးမွှားကာကွယ်သည့် ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

**အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းလိုသည့် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ**

**(Standard Operating Procedure - SOP for Plants and Plant Products Importer)**

၁။ တင်သွင်းခွင့်ပြုထားသော အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်ကို လျှောက်ထားနိုင်သည်။ (စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ ကြော်ငြာ သင်ပုန်းနှင့် website: https://ppd.doa.gov.mm/ တို့တွင် ကြည့်ရှုနိုင်ပါသည်။)

၂။ တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်အား အပင် နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းမည့် တစ်ဖက်နိုင်ငံ၏ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် ထုတ်ပေးသည့်ဌာနသို့ ပေးပို့ရမည်။

**တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်ရရှိရန် လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ**

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ သတ်မှတ်သည့် တင်သွင်းခွင့် ထောက်ခံချက်လက်မှတ် လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံ (မူရင်း) နှင့်အတူ လျှောက်ထားရမည်။

၂။ တင်သွင်းသူကိုယ်တိုင် လျှောက်ထားခြင်း မဟုတ်ပါက ကုမ္ပဏီ Letter Head ဖြင့် ကိုယ်စားလှယ် လွှဲစာ ပါရှိရမည်။

၃။ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၂) ဦး ဆောင်ရွက်ရန် စာရင်းသွင်းမှတ်ပုံတင်ထားရှိရမည်။

၄။ စိုက်ပျိုးရန်အတွက်ဖြစ်ပါက

(က) ကြံ
(သကြားထွက်သီးနှံဌာနခွဲမှ ထောက်ခံချက်)
(ခ) နှစ်ရှည်ပင်
(နှစ်ရှည်သီးနှံဌာနခွဲမှ ထောက်ခံချက်)
(ဂ) မျိုးစေ့နှင့်အပင်
(မျိုးစေ့ဌာနခွဲမှ ထောက်ခံချက်)
(ဃ) သစ်တောထွက်အပင်
(သစ်တောဦးစီးဌာနမှ ထောက်ခံချက်) ပါရှိရမည်ဖြစ်ပါသည်။

၅။ ယင်းအချက်များ ပြည့်စုံပါက လျှောက်လွှာစာရင်းသွင်း လက်ခံပေးမည် ဖြစ်ပါသည်။ (မပြည့်စုံပါက ဆက်လက်ဆောင်ရွက်၍ မရနိုင်ပါ။)

**တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်ထုတ်ယူရန် ကြာချိန်**

လျှောက်လွှာစာရင်းသွင်း လက်ခံပြီးချိန်မှ
(၃) ရက် (ရုံးပိတ်ရက်မပါ။)

**တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်တစ်စောင်အတွက် အခကြေးငွေ**

၃၀၀၀၀ ကျပ်

သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်းများတွင်လည်း တင်သွင်းခွင့် ထောက်ခံချက်လက်မှတ် လျှောက်ထားနိုင်ပါသည်။

## ကုန်ပစ္စည်းရောက်ရှိချိန်တွင်
## (MACCS စနစ်အရ)
## ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်

၁။ ကုန်ပစ္စည်းရောက်ရှိချိန်တွင် စစ်ဆေးမှုခံယူရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ OGA test application (Other Government Agency test application) နှင့်အတူ လာရောက် အကြောင်းကြားရမည်။

၂။ တင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) တင်ပြရမည်။

၃။ စစ်ဆေးရေးမှူးမှ တင်သွင်းခွင့်ထောက်ခံချက် လက်မှတ်နှင့် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်အား တိုက်ဆိုင်စစ်ဆေးခြင်း၊ ကိုယ်စားပြုနမူနာ (၀.၀၀၅ - ၀.၀၁ %) အား မျက်မြင်စစ်ဆေးခြင်း၊ လိုအပ်ပါက ကိုယ်စားပြုနမူနာအား ဓါတ်ခွဲခန်း သို့ ပေးပို့စစ်ဆေးခြင်းကို ဆောင်ရွက်မည်။

၄။ ပိုးမွှားရောဂါကင်းရှင်းပါက MACCS စနစ်တွင် Agree လုပ်ပေးမည် ဖြစ်ပါသည်။

၅။ ပိုးမွှားရောဂါကင်းရှင်းမှု မရှိပါက ပိုးသန့်စင်ခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်းကို ပြုလုပ်ရမည်ဖြစ်ပါ သည်။



**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**သီးနှံကာကွယ်ရေးဌာနခွဲ**

# အပင်နှင့်အပင်ထွက်ပစ္စည်းများအား
# ပြည်ပမှ တင်သွင်းလိုသည့် လုပ်ငန်းရှင်များ
# လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ

## အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပြည်ပသို့ တင်ပို့လိုသည့် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

## (Standard Operating Procedure - SOP for Plants and Plant Products Exporter)

၁။ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် ရရှိရန် လျှောက်ထားနိုင်သည်။ (စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ ကြော်ငြာ သင်ပုန်းနှင့် website: https://ppd.doa.gov.mm/ တို့တွင် ကြည့်ရှုနိုင်ပါသည်။)

၂။ ပြည်ပသို့ မတင်ပို့မီ (သင်္ဘော/လေယာဉ်/ကား မတင်မီ) ကြိုတင်လျှောက်ထားရမည်။

၃။ ပြည်ပသို့ တင်ပို့ပြီးမှ လျှောက်ထားခြင်းဖြစ်ပါက ဆောင်ရွက်ပေးမည် မဟုတ်ပါ။

၄။ မိမိတင်ပို့မည့်နိုင်ငံ၏ တင်သွင်းရန် သတ်မှတ် ချက် / လိုအပ်ချက်အား သိရှိပြီး ယင်းလိုအပ်ချက် နှင့်အညီ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်အား လျှောက်ထားရမည်။

၅။ ယင်းလိုအပ်ချက်ပေါ်မူတည်ပြီး စိုက်ပျိုးရေးဦးစီး ဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု / နယ်စပ်စစ်ဆေးရေး စခန်း၏ စစ်ဆေးမှုခံယူရမည်။

## ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ရရှိရန် လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ သတ်မှတ်သည့် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ် လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံ (မူရင်း) နှင့်အတူ လျှောက်ထားရမည်။

၂။ တင်ပို့မည့် အပင်နှင့် အပင်ထွက်ပစ္စည်း၏ ကိုယ်စားပြုနမူနာနှင့်အတူ လျှောက်ထားရမည်။

၃။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ခွင့်ပြုချက်ရရှိထားသော အဆိပ်ငွေ့မှိုင်းတိုက်ခြင်းလုပ်ငန်းအဖွဲ့မှ ပိုးသတ်ပြီးကြောင်းထောက်ခံချက်လက်မှတ် (မူရင်း) ပူးတွဲတင်ပြရမည်။

၄။ တင်ပို့မည့်သူ ကိုယ်တိုင် လျှောက်ထားခြင်း မဟုတ်ပါက ကုမ္ပဏီ Letter Head ဖြင့် ကိုယ်စားလှယ်လွှဲစာ ပါရှိရမည်။

၅။ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၂) ဦး ဆောင်ရွက်ရန် စာရင်းသွင်းမှတ်ပုံတင်ထားရမည်။

၆။ သစ်တောထွက်ပစ္စည်းဖြစ်ပါက သစ်တောဦးစီးဌာန၏ တရားဝင်ထောက်ခံချက်နှင့် သစ်အတိုင်း စာရင်း ပါရှိရမည်။

၇။ ယင်းအချက်များ ပြည့်စုံပါက လျှောက်လွှာစာရင်း သွင်း လက်ခံပေးမည် ဖြစ်ပါသည်။ (မပြည့်စုံပါက ဆက်လက်ဆောင်ရွက်၍ မရနိုင်ပါ။)

၈။ မိမိတင်ပို့မည့်နိုင်ငံ၏ လိုအပ်ချက်အရ စစ်ဆေးရမည့် ပိုးမွှားရောဂါပါဝင်ပါက တင်ပို့မည့်ပစ္စည်း၏ ကိုယ်စားပြုနမူနာနှင့်အတူ ဓာတ်ခွဲခန်းတွင် စစ်ဆေးမှုခံယူရမည်။ (ပိုးမွှား / ရောဂါ တွေ့ရှိပါက ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် ထုတ်ပေးမည် မဟုတ်ပါ။)

## ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် ထုတ်ယူရန် ကြာချိန်

လျှောက်လွှာစာရင်းသွင်း လက်ခံပြီးချိန်မှ (၃) ရက် (ရုံးပိတ်ရက်မပါ။)

## ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် တစ်စောင်အတွက် အခကြေးငွေ

၃၀၀၀၀ ကျပ်

သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်းများတွင်လည်း ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် လျှောက်ထားနိုင်ပါသည်။

## အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပြည်ပသို့ ပြန်လည်တင်ပို့လိုသည့် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

**(Standard Operating Procedure - SOP for Plants and Plant Products Re-Exporter)**

၁။ မူလတင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။

၂။ မိမိပြန်လည်တင်ပို့မည့်နိုင်ငံ၏ တင်သွင်းရန် သတ်မှတ်ချက်/ လိုအပ်ချက်အား သိရှိပြီး ယင်းလိုအပ်ချက်နှင့်အညီ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံ လက်မှတ်အား လျှောက်ထားရမည်။

## အပင်နှင့်အပင်ထွက်ပစ္စည်းများအား ကြားစခန်းမှ တဆင့် တင်ပို့လိုသည့် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

**(Standard Operating Procedure - SOP for Plants and Plant Products in Transit)**

၁။ ကြားစခန်းတွင် ခေတ္တရပ်နားပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့ခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်း ချုပ်ရေးဌာနစု/နယ်စပ်စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။

၂။ တစ်ဖက်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။

၃။ ယင်းလက်မှတ်နှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် ပိုးမွှားရောဂါ ကင်းရှင်းမှုမရှိခြင်း (သို့မဟုတ်) ပစ္စည်း များ ပြန်လည်ထုပ်ပိုးထားခြင်း/ ပေါက်ပြဲခြင်း တွေ့ရှိ ပါက ပိုးသတ်ပြီး ပိုးမွှားကင်းရှင်းကြောင်းသက်သေခံ လက်မှတ် လျှောက်ထားရမည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

# အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပြည်ပသို့ တင်ပို့လိုသည့် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ